တရားမပုံစံအမှတ် ၉၄=

**ရောင်းချရန်ကြော်ငြာစာ**

( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ- ၆၆ )

**မဟာအောင်မြေခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၅၀၀**

| | | |
|---|---|---|
| ဒေါ်နုနုအေး<br>ဒီကရီအနိုင်ရသူ | နှင့် | ဦးသိန်းဝင်း<br>တရားရှုံး |

**မန္တလေးခရိုင်တရားရုံးတော်၊** တရားမကြီးမှုအမှတ်-**၅၉၀/၂၀၂၀** အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို **၂၀၂၄ ခုနှစ်၊ ဇူလိုင် လ၊ ၁၆ ရက်၊** နံနက် **(၁၀)**နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ် ၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့် စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တခုခု ပေါ်ပေါက်ပါ တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။တရားရှုံး၏အကျိုးသက်ဆိုင်သမျှကို သာရောင်းချလိမ့်မည့်အကြောင်း၊လေလံဆွဲဝယ်မည့်သူတို့အားအထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင် ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိ က ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူ က ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့် အရာရှိကသတ်မှတ်ထားသည့် စပေါ် ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင် ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန် မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက် ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကိုအထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ မေ လ ၃၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

တံဆိပ်

(ရဲလွင်)
ခရိုင်တရားသူကြီး
မဟာအောင်မြေခရိုင်တရားရုံး

**ပစ္စည်းစာရင်း**

**မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အပိုင်း(၆)၊ ဦးပိုင်အမှတ် (၂၆)၊ ဧရိယာ (၀.၀၄၉၂)ဧက အကျယ်အဝန်းရှိ ဦးသိန်းဝင်းပါ -၂ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦးအကျိုးခံစားခွင့်အရပ်ရပ်အားလုံး။**

**လေလံကြမ်းခင်းဈေး ကျပ်သိန်း( ၈၀၀၀)**

**ကြော်ငြာပြန်သွင်းရန် (၁၄.၆.၂၀၂၄ )**

ကပ်ရန်

၁။ မဟာအောင်မြေခရိုင်တရားရုံးကြော်ငြာသင်ပုန်း။

၂။ မဟာအောင်မြေမြို့နယ် တရားရုံးကြော်ငြာသင်ပုန်း။

၃။ မဟာမြိုင်(၁)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးကြော်ငြာသင်ပုန်း။

၄။ အချင်းဖြစ်ပစ္စည်းတည်ရှိရာနေရာ။

၅။ ရုံးလက်ခံ ။